Shwe Gas Movement

**ချက်ချင်း ထုတ်ပြန်ရန်**

**ဇူလိုင် ၁၇ ရက်၊ ၂၀၁၃ ခုနှစ်။**

**ဆက်သွယ်ရန်။ ။ ဝင်းအောင်** global@shwe.org

လက်ကိုင်ဖုံး +၉၅(၀) ၉၄၅၀၀၆၅၈၇၂

**သတင်းထုတ်ပြန်ချက်**

# မြန်မာ့ သယံဇာတ ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကို အသစ်ပြုပြင်ရန် လိုအပ်

ရန်ကုန်၊ မြန်မာ။

ယနေ့ ထုတ်ပြန်သော ရွှေဂက်စ်လှုပ်ရှားမှု၏ အစီရင်ခံစာတရပ်တွင် သယံဇာတ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ

လုပ်ဆောင်ရာတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုများ နှင့် ဝင်ငွေခွဲဝေ သုံးစွဲ မှု ဆိုင်ရာများနှင့် ပါတ်သက်၍ မြန်မာနိုင်ငံ၏ ဥပဒေ ဘောင်တွင် ထင် ထင် ရှားရှား အားနည်းနေကြောင်း ဖော် ထုတ်လိုက်သည်။ ကျွမ်းကျင်သူ ပညာရှင်များ စုပေါင်း၍ ယနေ့တွင် အစီရင်ခံစာ တွေ့ရှိချက်များကို ရှင်းလင်းပွဲ လုပ်သည်။

ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သယံဇာတ တူးဖော်မှု လုပ်ငန်း- မြန်မာနိုင်ငံ (Good Governmence and Extractive Industry in Burma) အဖွဲ့က လက်ရှိ ဥပဒေများနှင့် သဘောတူညီချက်များနှင့် ပတ်သက်၍ မြန်မာ နိုင်ငံတွင် နိုင်ငံတကာ စံချိန် စံညွှန်းများ လိုအပ်ချက် ရှိမရှိကို ဆန်း စစ်ခဲ့ကြသည်။ အစီရင်ခံစာအတွက် သုတေသ နပြုလုပ် ခဲ့ရာတွင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ လူ့အခွင့်အရေး၊ ဝင်ငွေ ပွင့်လင်းမြင်သာမှုနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့တွင် အဓိက လိုအပ်ချက်များကို တွေ့ရှိခဲ့သည်။ အစီရင်ခံစာက လိုအပ်သော အုပ်ချုပ်မှုများ ပြင်

ဆင် မှုများ မ ပြီးစီး မီ ကာလ အတွင်း ရင်းနှီးမြှုပ်နှံမှု အသစ်များ ရပ်ဆိုင်းထားသင့်ကြောင်း အကြံပြုထားသည်။

"သဘာဝ သယံဇာတတွေကို တိုင်းပြည်အကျိုးအတွက် သုံးသင့်တယ်။ ထိခိုက်နစ်နာတဲ့ နေရာတွေက လူ့အခွင့် အရေး ချိုးဖောက်မှုတွေ သဘာဝ ပတ်ဝန်းကျင်တွေကို ပေးဆပ် ရပြီး လူတစုသာ အကျိုးရှိတာမျိုး မဖြစ်သင့်ဘူး" ဟု ရွှေဂက်စ်လှုပ်ရှားမှု တာဝန်ခံ ဦးဝင်းအောင်က ပြောသည်။ "ကျွန်တော်တို့ တိုင်းပြည်ဟာ အတိတ်က အမှားတွေ အ

ပေါ်မှာ သင်ခန်းစာ ယူသင့်တယ်၊ ဒါပေမယ့် အဲဒါအစား သယံဇာတ တူးဖော်မှုတွေမှာ ချိုးဖောက်မှုတွေ ဆက် ဖြစ်နေတယ်။ ဒါတွေကို ရပ်ဆိုင်းပစ်ရမယ်။"

လူထု အခြေပြုအဖွဲ့ အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကုမ္ပဏီကြီးများနှင့် မြန်မာနိုင်ငံ အစိုးရတို့ အနေဖြင့် အီးအိုင်တီအိုင်ခေါ် သယံဇာတရင်းမြစ် ထုတ်လုပ်မှု လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး၊ သဘာဂ ပတ်ဂန်းကျင်နှင့် လူ မှု ဘဂထိခိုက်မှုဆိုင်ရာ အကဲဖြတ်စိစစ်မှု (အီးအက်စ်အိုင်အေ)၊ လူ့အခွင့်အရေးနှင့် ဒေသခံများ အကျိုး အမြတ် ခွဲ ဝေခံစားနိုင် ရေးတို့ကို အကောင်အထည်ဖော်ရာတွင် ညီတူညီမျှ တာဂန်ခံကြရန် လိုသည်။ အစီရင်ခံစာတွင် အထက် ဖော်ပြပါ အကြောင်းအရာ လေးခုနှင့် ပါတ်သက်၍ ကောင်းမွန်သော အုပ်ချုပ်မှုကို ရရှိနိုင်ရန် မည်သို့ လုပ်ဆောင် သင့် ကြောင်း အကြံပြု ချက်များ ဖော်ပြထားသည်။

"လူ့အခွင့်အရေး နဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုဟာ နီးနီးကပ်ကပ် ဆက်စပ်နေပါတယ်။ လူ့အခွင့်အရေး မရှိဘူးဆိုရင် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဆိုတာ အဓိပ္ပာယ် မရှိပါဘူး။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမရှိဘဲ နဲ့လည်း လူ့အခွင့်အရေး ဆိုတာ မရှိနိုင်ပါဘူး" ဟု  လူ့အခွင့်အရေး ပညာပေးဌာန- မြန်မာနိုင်ငံ ဒါရိုက်တာ ဦးအောင်မျိုးမင်းက အစီရင်ခံစာ ထုတ်ပြန်ရာတွင် ပြောသည်။ "ကောင်းမွန်တဲ့ အုပ်ချုပ်ရေး ဆိုတာ နိုင်ငံသားတိုင်း အနေနဲ့ ပါဂင်နိုင်ခွင့်၊ သတင်း ရရှိနိုင်ခွင့်၊ နိုင်ငံသားတွေ ရဲ့ အခွင့်အရေးတွေကို ကာကွယ်မြှင့်တင်ဖို့ ဆိုတဲ့ အစိုးရ တာဂန်ခံမှုတွေရဲ့ အခြေခံ ဥပ ဒေ သ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုနဲ့ လူ့အခွင့်အရေးတွေကို ကာကွယ် မြှင့်တင်ဖို့ တာဂန် ခံ သည့် အနေဖြင့် သယံဇာတ တူးဖော်ရေး ကုမ္ပဏီတွေကို ရပ် ဆိုင်းထားရမယ်။"

ဤအစီရင်ခံစာသည် အငြင်းပွားဖွယ်ဖြစ်သော မြန်မာနိုင်ငံရှိ ရွှေဂက်စ် နှင့် ရေ နံ ပိုက်လိုင်း စီမံကိန်းများ ပြီး စီး လုအချိန် ၊ ကမ်းရိုးတန်း သဘာဂ ဓါတ်ငွေ့ လုပ်ကွက် ၃ဂ ကို နိုင်ငံခြား ကုမ္ပဏီများအား လုပ်ပိုင် ခွင့် ပေးမည့် အချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၂ဂ၁၃ ခုနှစ် မေလတွင်  အခွန်ဘဏ္ဍာ စောင့်ကြည့် ရေးအဖွဲ့ က ထုတ်ပြန်သော မြန်မာ့ သယံဇာတ အုပ်ချုပ်မှုသည် ကမ္ဘာပေါ်တွင် အညံ့ ဆုံးဖြစ်သည်ထုတ် ပြန် ချက် နောက် ပိုင်း အထက်ပါ ဓါတ်ငွေ့ လုပ်ကွက်များ အား လုပ် ကိုင်ခွင့် ပေးခဲ့သည်၊